PUBLISHED BY VIEW

# မျိုး
ကလောင်ခွဲ
# ဝ
# သျှုး

## ပြည်တော်ဝင်ခန်း



COVER Idea Kvaw

# အခန်း (၁)

ကောင်းကင်တစ်ပြင်လုံး အုံ့မှိုင်းမည်းညို့လျက် မှတ်သုံလေကလ ည်း တဝူးဝူး တိုက်ခတ်လျက်ရှိသည် ။ သစ်ရွက်ကြွေ တချို့တောင် လေ မှာ ဝဲပျံနေသည် ထိ။

ရှေ့ပြေးနိမိတ်များ နောက်ကနေ မကြာမီမှာ ပင် မိုးရေစက်များက တဝေါဝေါ လိုက်ပါလာသည် ။

ဒါ မိုးရာသီရဲ့ ပထမဆုံး မိုးရေစက်တွေပဲ။ ထီးမပါလာသူတွေလည်း နီးစပ်ရာ အမိုးများ ၊ လှေကားများ အတွင်း ဝင်ရောက်ခိုလှုံကြရ၏။

ပထမဆုံးအကြိမ်မှာ ပင် မိုးက ဘယ်အငြိုးနဲ့ သဲသဲမဲမဲ ရွာနေသည် မသိ။ အများ နည်းတူ သူမတွင် လည်း ထီးမပါလာသည် မို့ ညောင်ပင်ကြီးတစ်ပင်အောက်သို့ အမြန်ဝင်ရပ်နေရသည် ။

ဒါတောင် မိုးစက်မိုးပေါက်များက ညောင်ရွက်များကြားကနေ သူမ ဦးခေါင်းနှင့် ကိုယ်ခန္ဓာများ ပေါ်သို့ တစ်စက်စက်နှင့် ကျရောက်နေသေး သည် ။ လက်တွင် ကိုင်ထားသော ဖိုင်တွဲလေးနှင့် ခေါင်းထက်မှာ မိုး ထားလိုက်သည် ။ ကျောပိုးအိတ်ကတော့ ရေလုံသည် မို့ သိပ်ကိစ္စမရှိ။

"စိတ်ညစ်လိုက်တာနော်၊ မိုးကလည်း မစဲတော့ဘူးလား မသိပါဘူး"

တစ်ကိုယ်တည်း ခပ်တိုးတိုး ညည်းတွားလိုက်မိသည် ။ လက်တွင် ပ တ်ထားသော နာရီလေးအား အသာမြှောက်ကြည့်လိုက်သည် ။ ကျူရှင်စ

ရန် ဆယ်မိနစ်သာ လိုတော့၏။

ဒီနေ့မှ ကျူရှင်စဖွင့်မှာ မို့ စောထွက်လာမိကာမှ မေဦးမိုးနှင့် တည့်တည့်တိုးနေသည် ။ တဖြည်းဖြည်းနှင့် ကျူရှင်ချိန် နီးကပ်လာသည် နှင့် အမျှ သူမ တစ်ကိုယ်လုံးနီးပါးလည်း မရွဲရုံတမယ် စိုနေလေပြီ။

ထို့ကြောင့်ပင် စိတ်ကိုလျှော့ချလိုက်ပြီး မိုးရေတွေထဲသို့ ခြေလှမ်းစလှမ်းလိုက်တော့သည် ။

အေးစက်သော မိုးရေစက်များ ၏ တဖြန်းဖြန်း ရိုက်ခတ်လာခြင်းကို တစ်ခဏမျှ မျက်စိမှိတ်ကာ ခံယူလိုက်ပြီး ခြေလှမ်းများကို အပြေးလှမ်းခဲ့လိုက်သည် ။ ကျူရှင် လှေကားအောက် ရောက်ချိန်မှာ သတ်မှတ်ထားသော အချိန်ထက် ဆယ်မိနစ်ခန့် နောက်ကျနေပြီ ဖြစ်သည် ။

ကျူရှင်ခန်းရှိရာ ခုနစ်လွှာသို့ မော့ကြည့်လိုက်မိပြီး စိတ်ပျက်သွားမိသော်လည်း အားတင်းကာ တက်ခဲ့ရပြန်သည် ။

“ဟူး မောလိုက်တာ၊ လျှာတောင် အတောင့်လိုက် ထွက်တယ်”

ခုနစ်လွှာသို့ ရောက်ရောက်ချင်းမှာ ပင် အသင့်ဖွင့်ထားသော တံခါးဘက်သို့ မော့မကြည့်နိုင်သေးဘဲ လက်နှစ်ဖက်ကို ဒူးနှစ်ဖက်တွင် ထောက်ကာ ညည်းလိုက်မိသည် ။

သို့သော် သူမ မထိန်းသိမ်းလိုက်မိတာက ထိုညည်းတွားလိုက်သံသည် တော်တော်လေးကို ကျယ်လောင်သွားခြင်း ဖြစ်မည်။

ခေါင်းကို မော့ကြည့်လိုက်ချိန်မှာ သူမ မျက်လုံးအစုံတို့ ပါ ပြူးကျယ်ကုန်၏။ တစ်ခန်းလုံးတွင် ရှိသမျှသော လူအပေါင်း၏ မျက်လုံးတို့ က သူမထံမှာ သာ စုပြုံကျနေသောကြောင့်ပင်။

ဒူးနှစ်ဖက်တွင် အုပ်ကိုင်ထားမိသော လက်တို့ ကို ဖယ်ကာ ခါးကို မ

တ်မတ်ဆန့်ရင်း သူမကိုသာ ပြုံကြည့်နေသူများ ထံသို့ ခပ်တည်တည် ပြန်ကြည့်လိုက်မိသည် ။ တကယ်တော့ အနည်းငယ်ရှက်သွားခြင်းကို ကိုယ့်ဘာသာ ပြန်လည်ဖုံးဖိနေခြင်း ဖြစ်၏။

အဲဒီအချိန်မှာ ပဲ သူမ ရှေ့တည့်တည့်သို့ ခပ်သွက်သွက်လျှောက်လာကာ ခြေစုံရပ်လိုက်သော လူကြီးတစ်ယောက်၊ ဒါဟာ ဆရာပဲ ဖြစ်ရမည်လို့ သူမစိတ်ထဲက အလိုလို သိလိုက်ပါသည် ။

"တစ်ကိုယ်လုံးလည်း စိုလို့ ရွှဲလို့ ပါလား။ နောက်လည်း ကျနေပြီ ဘယ်လိုဖြစ်ရတာလဲ"

ဩဇာသံပါသော ဆရာ့လေသံက တစ်ခန်းလုံး ဟိန်းထွက်သွား၏။

"ထီးမယူလာမိလို့ ပါ ဆရာ"

ဆရာက သူမကို ခြေဆုံးခေါင်းဆုံး ပြန်ကြည့်ရင်း သက်ပြင်းကြီး ချ၏။ ပြီးမှ

"မင်းနာမည် ပြောပါဦး"

"မေတ္တာညွှန်းပါ ဆရာ"

"နာမည်ကတော့ ရှယ်ပဲဟေ့၊ ဒီနာမည် ဘယ်သူပေးတာတုံး"

ဆရာက ခပ်တည်တည်ဖြစ်နေသော သူမကို မစိမ်းသက်ဘဲ ရင်းနှီးလာစေရန် စကားတွေ ပြောနေခြင်းမှန်း သူမ သိလိုက်၏။

"ဖေဖေ ပေးထားတာပါ ဆရာ"

"ဩော် ဟုတ်လား၊ ကဲ ကဲ နောက်နားမှာ နေရာတွေ ကျန်သေးတယ်၊ ဝင်ထိုင်လိုက်"

ဆရာက အတန်း၏ နောက်ဘက်နားဆီသို့ လက်ညှိုးညွှန်ကာပြ၏။

သူမလည်း ဆရာညွှန်ပြရာဘက်သို့ လှည့်ကာ မျက်လုံးများကို ဝေ့ကြည့်လိုက်သည် ။

အင်း ဟိုးဘက်ထောင့်နားမှာ တော့ နေရာလွတ် ရှိနေသေးသည် ။

ထိုစဉ်မှာ ပင် သူမရှိရာဆီ လက်တစ်ဖက် မြှောက်ကာ ဝှေ့ယမ်းပြလိုက်သော ပုံရိပ်တစ်ခု။ သေချာကြည့်မိတော့မှ သူမရဲ့ သူငယ်ချင်းဖြစ်သူ ပိုးဝါ ဖြစ်နေသည် ။ ကိုယ့်အသိတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် အားတက်သွားမိကာ ပိုးဝါ ထိုင်နေရာ ထိုနောက်ဘက်နားသို့ ခပ်သွက်သွက် လျှောက်သွားလိုက်၏။

“နင့်အသံကြားတည်းက ငါ လက်လှမ်းပြနေတာ မမြင်ဘူး မဟုတ်လား”

ပိုးဝါ ဘေးတွင် ကပ်ထိုင်လိုက်သည် နှင့် သူမကို လေသံလေးနှင့် တိုးတိုးကျိတ်ကျိတ်ပြောလိုက်သည် ။

“နင့်ကို ရှာမလို့ ပါပဲ၊ ဆရာ့ကို ဖြေရှင်းနေရသေးတာ နင်မြင်တယ် မဟုတ်လား”

“ကဲ စာအုပ်ထုတ်ဦး၊ ဟိုမျာ စာသင်တော့မယ်နဲ့ တူတယ်”

ပိုးဝါ စကားအဆုံးမှာ သူမက နောက်ကျောဘက်တွင် တစောင်းလွယ်ထားသော ကျောပိုးအိတ်ကို ခေါင်းထက်မှ ကျော်ကာ ဆွဲချွတ်လိုက်၏ ။ ထိုအခါ

“အ ဖြည်းဖြည်းလုပ်ပါဟဲ့၊ နောက်မှာ လူရှိနေတာ သတိရဦး”

သူမ နောက်ဘက်ကပ်လျက်မှ ထွက်လာသော ခပ်နွဲ့နွဲ့ အသံတစ်ခု။ ခုံတန်းများက တစ်ခုနှင့်တစ်ခု နီးကပ်စွာ ရှိနေသောကြောင့် သူမ ကျောပိုးအိတ် ချွတ်လိုက်ချိန်တွင် နောက်တန်းမှ ကောင်မလေး တစ်ယောက်

အား သွားထိပုံ ရပါသည် ။

ထို့ကြောင့်ပင် သူမက တောင်းပန်ရန် နောက်သို့ လှည့်လိုက်သည် ။ မျက်နှာလေး စူပုပ်ကာ သူမကို ကြည့်နေသော မျက်ဝန်းတစ်စုံကို မြင်ရ၏။ သူမ စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားသည် ။ တစ်ခုခုတော့ လွဲချော်နေပြီနှင့် တူ၏။

ဖြူဥနေသော အသားအရေက သွေးကြောမျှင်လေးများ ပင် ပေါ်နေလောက်အောင် ကြည်စင်နေကြသည် ။ မျက်လုံးတို့ က အညိုရောင်တောက်လျက် မျက်တောင် တိုစိပ်စိပ်များ နှင့် ဝန်းရံထား၏။ ဆံပင်ပျော့ပျော့ ကုပ်ဝဲလေးကို တစ်ချက် ခါပစ်လိုက်သေးသည် ။ ဖြောင့်စင်းနေသော နှာတံလေးကလည်း ပြုပြင်ထားသည် လား ထင်ရလောက်အောင်ထိ။ နောက်တော့ နီရဲကာ စုလုံးနေသော ခပ်ထူထူနှုတ်ခမ်းလေးများ ။

အတော်လေးကို ပြီးပြည့်စုံသော မျက်နှာလေး တစ်ခုပါပဲ။ ဒါပေမဲ့ ဒါပေမဲ့ …။

“ဆောရီး ငါ သတိမထားလိုက်မိဘူး”

သူမက တောင်းပန်စကား ဆိုကာ ရှေ့ဘက်သို့ ချက်ချင်းပင် ပြန်လှည့်ပစ်လိုက်၏။ နောက်ဘက်ဆီမှ ‘ဟွန့်’ ဟူသော အသံတစ်ခုကို ကြားလိုက်ရသေးသည် ။ အဲဒါလေးက ဘာလေးပါလိမ့်။

စပ်စုချင်စိတ်ကို မထိန်းနိုင်လိုက်စွာပင် ခေါင်းကို စားပွဲပေါ်သို့ မှောက်တင်လိုက်ပြီး မသိမသာလေး နောက်သို့ ငဲ့စောင်းကြည့်လိုက်သည် ။ မျက်မှောင်လေး ကျုံ့ကာ နှုတ်ခမ်းစူရင်း သူမကို စူးစိုက်ကြည့်နေတာ တွေ့လိုက်ရ၏။ သူမ ကြောင်ကြည့်နေဆဲမှာ ပင် မျက်စောင်းတစ်ချက်ထိုးကာ ဘေးဘက်သို့ လှည့်သွားတော့၏။

သူမလည်း ကြောင်တောင်တောင်နှင့်ပင် ခေါင်းကိုပုံမှန်အတိုင်း ပြန်ထောင်ကာ ဆရာ့ဆီသို့ အာရုံပြန်ပို့လိုက်ရသည် ။ သို့သော် စားပွဲအောက်မှ နေ၍ ပိုးဝါ ခြေထောက်ကို အသာတို့လိုက်တော့ ပိုးဝါက မသိမသာလေး ငဲ့ကြည့်ကာ ‘ဘာလဲ’ ဟု မေးဆတ်ပြ၏။

သူမကလည်း နောက်ဘက်ဆီသို့ မျက်လုံးနှင့်အချက်ပြလိုက်ကာ ‘ဘာလေးလဲ’ ဟု မေးလိုက်မိတော့ ပိုးဝါကလည်း နောက်သို့ လှည့်ကြည့်လိုက်ပါသည် ။ အတော်လေးကြာအောင် ပိုးဝါ မျက်လုံးများက ရှေ့ဘက်သို့ ပြန်လှည့်မလာတော့ပါ။ သူမကပင် ပိုးဝါ ပေါင်ကို လက်တို့ ကာ ပြန်ခေါ်ရပါတော့သည် ။

“ဘာလေးလဲ မသိဘူးဟ”

နှစ်ယောက်သား ခေါင်းတွေ ပူးကပ်သွားပြီး ပိုးဝါက ဆရာနှင့် အနောက်တန်းကပါ မကြားစေရန် လေသံလေးနှင့် ပြောလိုက်၏။

“အေး ငါကလည်း မသိလို့ လေ၊ တော်တော်တောင် အံ့သြသွားတယ်”

“ဒါ ပုံမှန်တော့ မဟုတ်ဘူး ညွန်း”

ပိုးဝါ အပြောကို သူမကလည်း ခေါင်းညိတ်ကာ ထောက်ခံလိုက်သည် ။

“ဟိုနှစ်ယောက် ဘာတွေပြောနေတာလဲ၊ မတ်တတ်ရပ်စမ်း”

ဟိန်းထွက်လာသော ဆရာ့အသံကြောင့် သူမတို့ နှစ်ယောက် လန့်သွားမိ၏။ ပြူးကြောင်ကြောင်နှင့် ပြန်ကြည့်နေမိသော သူမနှင့်ပိုးဝါကို ဆရာကလည်း မျက်လုံးကြီး ပြူးပြပြီး

“ပြောနေတာ မကြားဘူးလား၊ ဘာလို့ ကြောင်ကြည့်နေတာလဲ၊ မတ်

တတ်ရပ်လေ”

နှစ်ယောက်သား ကြောက်ကြောက်လန့်လန့်နှင့်ပင် မတ်တတ်ထရပ်လိုက်ပါသည် ။

“ဆရာ ပြောတာကို နားမထောင်ဘဲနဲ့ မင်းတို့ နှစ်ယောက် ဘာတွေပြောနေတာလဲ”

သူမတို့ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အဖြေရ ခက်သွားမိသည် ။

“ဖြေလေကွယ်”

“ဟိုလေ ဆရာ အဲ”

ပိုဝါးက တစ်ခုခု ပြန်ဖြေရန် ကြိုးစား၏။ သို့သော် စကားလုံးတို့ က ရှေ့ဆက်ထွက်မလာ။ သို့နှင့်ပင်

“သမီး ဘာစာအုပ်ထုတ်ရမှန်း မသိလို့ ပိုးဝါကို မေးနေတာပါ”

တကယ်တော့ ဘယ်လိုမှ ကို မခိုင်လုံသော အကြောင်းပြချက်မှန်း သိပါသည် ။ ဒါပေမဲ့ ဆရာ့မေးခွန်းအတွက်တော့ အဖြေတစ်ခု ရှိသွားတာပဲ မဟုတ်လား။

ဆရာက သူမကို သူ သင်နေသော ဘာသာရပ်ဖတ်စာအုပ်ထုတ်ခိုင်းပြီး စာကို ဆက်သင်နေပါသည် ။ သူမ စိတ်ထဲမှာတော့ နောက်လိုင်းမှ သူ့ကို စိတ်ဝင်စားမှုတွေက နည်းနည်းမှ လျော့နည်းမသွားသေးပါ။

ဒါပေမဲ့ သိပ်မကြာခင် နောက်တစ်နေ့မှာ ပဲ သူမတို့ သိချင်နေသော အဖြေကို သိခွင့်ရခဲ့ပါသည် ။

"ဟဲ့ နင် သိပြီးပြီလား ညွှန်း"

ပိုးဝါက အစမရှိ အဆုံးမရှိ မေးလာသော မေးခွန်းကြောင့် သူမလည်း ကြောင်ငေးကာ ကြည့်နေမိ၏။

"ဘာကြောင်ကြည့်နေတာလဲဟ"

"ဟွန့် နင်မေးတဲ့ မေးခွန်းကြီးက အစမရှိ အဆုံးမရှိနဲ့ ဘာပြောချင်နေမှန်းမှ မသိတာ"

"အေးပါ ငါ နည်းနည်းလောသွားတယ်၊ ဆောရီး ငါပြောချင်တာက ငါတို့ သိချင်နေတဲ့ ကိစ္စလေ၊ အဲဒါ ငါသိခဲ့ပြီဟ"

"ဘာကိစ္စလဲ"

သူမက တကယ်ကို မသိသေးသဖြင့် ပြန်မေးလိုက်သည် ။

"ဟာ နင်ကလည်း ဝေးလိုက်တာ၊ လက်ခုပ်တီးပြီးတော့တောင် ခေါ်ရမယ်"

အရေးထဲမှ ပိုးဝါက စကားနာထိုးနေသေး၏။ သူမကလည်း မျက်စောင်းထိုးလိုက်မိသည် ။

"ဟုတ်တယ် ဝေးတော့ ဘာဖြစ်လဲ၊ မပြောချင်လည်း မပြောနဲ့ ပေါ့"

သူမက စိတ်ဆိုးသွားသည့် အမူအရာမျိုးနှင့် ပြောလိုက်တော့လည်း ပိုးဝါက အချိုပြုန်သတ်နေပြန်သည် ။

"နင်ကလည်း ဟာ စိတ်ကြီးပဲ၊ ငါ ပြောချင်တာက ငါတို့ နောက်လိုင်းက ဟိုတစ်ယောက်အကြောင်းပါ၊ နင်ရော စိတ်မဝင်စားဘူးလား"

ဒီတစ်ခါတော့ ပိုးဝါ စကားကို သူမ တကယ်ပဲ စိတ်ဝင်စားသွားမိခြင်း ဖြစ်သည် ။

"နင် ဘာတွေသိခဲ့လို့ လဲ၊ ငါ့ကိုလည်း ပြောပြလေဟာ၊ လျှို့မထားနဲ့ "

"မလျှို့ပါဘူးနော်၊ အဲဒါပဲ ပြောချင်လွန်းလို့ လာခဲ့တာပါ"

"အေး ဒါဆို ပြော"

သူမကလည်း စပ်စပ်စုစုပင် ဟန်မဆောင်နိုင်ဘဲ မေးလိုက်မိသည် ။

"သူ့ကိုငါ မနေ့ညနေက ဈေးထဲမှာ တွေ့လိုက်တယ်"

"အဲဒါ"

စကားကိုရပ်ကာ အားယူနေသေးသော ပိုးဝါကြောင့် သူမပင် ထောက်ပေးလိုက်ပါသည် ။

"သူက မိန်းမ မဟုတ်ဘူး ဟ"

သူမ နည်းနည်း အံ့ဩသွားသော်လည်း ထင်နေပြီးသားမို့ စိတ်ထဲမှာတော့ သိပ်ယောက်ယက်ခတ်မသွားခဲ့ပါ။

"ငါ ထင်သားပဲ"

"အေးဟာ ငါလည်း ထင်ပါတယ်၊ ဒါပေမဲ့ သူ့မျက်နှာလေးက တကယ့်ကို မိန်းကလေး တစ်ယောက်ကတောင် အရှုံးပေးရမယ့် မျက်နှာမျိုးလေးနော်၊ ချောတယ်ဆိုတာထက်ကို ပိုလွန်းနေတာ"

"အင်း ဟုတ်တယ် မိန်းကလေးတွေတော့ ဝိုင်းဝိုင်းလည်နေမှာ ပဲနော်"

သူမရဲ့ စကားကြောင့် ပိုးဝါ မျက်လုံးလေးများ ပြူးသွားသည် ။ စက္ကန့်အနည်းငယ် ကြာတော့မှ တဟားဟားနှင့် အော်ဟစ်ရယ်မောပစ်လိုက်ပြီး

"နင်ကတော့လေ၊ ဝေးပြန်ပြီ၊ တကယ်တမ်း ထူးခြားတာက အဲဒီမှာ

လာမှာ ”

“ဘာလဲဟ”

“အေး ပြောချင်တာလည်း အဲဒါပဲ၊ သူက မိန်းကလေးတော့ မဟုတ်ဘူး ၊ ဒါပေမဲ့ မိန်းမစိတ် ဝင်နေတာဟ”

“ဟင်”

သူမ တကယ်ကို အံ့သြသွားပါသည် ။ ယောကျ်ားတစ်ယောက် ဖြစ်နေလျက်သားနဲ့ မိန်းမ ဖြစ်ချင်နေသော သူ့စိတ်ဟာ ဘယ်လောက်များ အံ့သြစရာ ကောင်းလိုက်ပါသလဲ။

“နင့်ဟာက ဟုတ်ရော ဟုတ်ရဲ့ လားဟယ်”

သူက မယုံနိုင်စွာ ပြန်မေးမိပါသည် ။

“အသေအချာပဲ၊ ဈေးလာဝယ်တာဟာ၊ ငါးသည် နဲ့ စကားပြောနေလိုက်တာများ တကယ့် မိန်းမတွေတောင် အရှုံးပေးရမယ်”

“သူက ဘာတွေပြောနေလို့ လဲ”

“ဘာတွေပြောရမှာ လဲ၊ ဈေးဆစ်နေတာပေ့ါဟ”

သူမမှာ မအောင့်အည်းနိုင်စွာပင် ခေါင်းကိုမော့လှန်ပြီး ရယ်မောလိုက်မိတော့သည် ။ ဒါပေမဲ့ ဘာဖြစ်လို့ မှန်းတော့ မသိ။ အဲဒီ ယောကျ်ားဖြစ်နေလျက်နဲ့ ယောကျ်ားမလုပ်ချင်သော ကောင်လေးကို သူမ စိတ်ထဲမှာ နှစ်နှစ်လိုလိုပင် ခင်မင်မိသွားလေသည် ။

*

# အခန်း (၂)

သူမ တစ်ယောက်တည်း ဧည့်ခန်းထဲတွင် ထိုင်ကာ သင်္ချာ ပုစ္ဆာများ တွက်နေခိုက် အလုပ်မှ နေ၍ ဖေဖေ ပြန်ရောက်လာခြင်း ဖြစ်သည် ။

"ကြားသား မိုးကြိုး ငါ့သမီးက စာတွေဘာတွေ လုပ်လို့ ပါလား"

ဖိနပ်ချွတ်နေရင်းနှင့် ဖေဖေက သူမကို ပြုံးကြည့်ပြီး ပြောပါသည် ။

"ဟာ ဖေဖေ ပြန် လာပြီ၊ ဒီနေ့ စောတယ်နော်"

သူမကလည်း ပြုံးရွှင်စွာဖြင့်ပင် ဖေဖေ့ကို ပြန်နှုတ်ဆက်လိုက်ပါသည် ။ ထို့နောက်တော့ ဖေဖေ့နားသို့ လျှောက်သွားလိုက်ကာ ဖေဖေ့လက်ထဲမှ လက်ကိုင်အိတ်အနက်လေးကို ဆွဲယူလိုက်သည် ။

"နေပါဦး သမီး ဒီနေ့ ကျူရှင်မသွားဘူးလား"

"မသွားဘူး ဖေဖေ၊ ကျူရှင်ချိန်နီးတော့မှ ဗိုက်အရမ်းအောင့်လာလို့ လေ"

သူမ အပြောကြောင့် ဖေဖေ့မျက်နှာက ပျက်ယွင်းသွားပြီး ပူပန်သွားသော မျက်လုံးများ ဖြင့် သူမကို သေချာစူးစိုက်ကြည့်ကာ

"ဟင် ဘယ်လိုဖြစ်တာလဲ သမီး၊ ခုရော ဘယ်လိုနေသေးလဲ၊ ဆေးခန်းတွေ ဘာတွေ သွားပြသေးလား"

သူမက ဖေဖေ့ စိုးရိမ်မှုကို လျော့ပါးသွားစေရန် နှစ်လိုဖွယ် ပြုံးပြလို

က်ပြီး

“ကောင်းသွားပါပြီ ဖေဖေရဲ့ ၊ ဆေးသောက်လိုက်ပါပြီ၊ ဒါပေမဲ့ ကျူရှင်ချိန်က လွန်သွားတော့ အိမ်မှာ ပဲ သင်္ချာထိုင်တွက်နေလိုက်တာ”

ဖေဖေ့မျက်နှာကတော့ သူမ ဘယ်လိုပဲ ဖြေသိမ့်ပြီး ပြောပြော စိုးရိမ်နေသည့် အကြည့်များက လျော့မသွားခဲ့ပါ။

“တကယ်ပြောတာပါ ဖေဖေရယ်၊ သမီး ဘယ်တုန်းက လိမ်ဖူးလို့ လဲ ”

“အင်းပါ ဟုတ်ပါပြီ”

“ဖေဖေ နားလိုက်ဦးလေ”

“ဒါနဲ့ သမီး ထမင်းစားပြီးပြီလား”

“စားပြီးပြီ ဖေဖေ၊ ဖေဖေရော စားတော့မလား၊ သမီး ခူးထားလိုက်မယ်လေ”

“ရတယ် ရတယ် သမီး၊ ဖေဖေ့ဘာသာ ခူးစားလိုက်မယ်၊ သမီး စာဆက်လုပ်ပါ”

ဖေဖေက သူမ ခေါင်းလေးကို လက်ဖြင့် အသာပွတ်သပ်ကာ ပြောရင်း အခန်းထဲ ဝင်သွားပါသည် ။ သူမကတော့ ဖေဖေ့နောက်ကျောပြင်ကို ပြုံးပြုံးလေး ကြည့်နေမိသည် ။ ဖေဖေဟာ သူမအပေါ်မှာ အမြဲတမ်းကောင်းမွန်ခဲ့သော ဖခင်တစ်ယောက် ဖြစ်ပါသည် ။

ထမင်းစားသောက် ပြီးစီးသည် နှင့် ဖေဖေက သူ့အခန်းထဲ သူဝင်ကာ ကွန်ပျူတာတစ်လုံးဖြင့် အလုပ်ရှုပ်နေတတ်ပါသည် ။ ဖေဖေ့အလုပ်က နေရာတကာ လျှောက်သွားကာ သတင်းယူရသော သတင်းထောက်

တစ်ယောက်မို့ အလုပ်က ပြန်လာလျှင် ပင်ပန်းနေတတ်သော ဖေဖေ့မျက်နှာကိုသာ သူမ အမြဲလိုလို မြင်တွေ့ခဲ့ရပါသည် ။

သို့သော် ဖေဖေသည် သူ့အလုပ်ကို သူ အလွန်မြတ်နိုးလွန်းပါသည် ။ ဖေဖေ့ရဲ့ အချိန်တွေ တော်တော်များများ ဟာ သတင်းလိုက်ခြင်း သတင်းရေးခြင်းများ ဖြင့်သာ ကုန်ဆုံးနေတတ်သည် ။ အဲဒီလို မအားလပ်တတ်သော ဖေဖေသည် သူမအပေါ်မှာ တော့ ဘယ်တုန်းကမှ တာဝန်ဝတ္တရား မပျက်ကွက်ခဲ့ပါ။

ဒါကြောင့်လည်း သူမသည် အတတ်နိုင်ဆုံး ဖေဖေဖြစ်စေချင်သည့် အတိုင်း နေခဲ့သည် သာ ဖြစ်သည် ။

မိဘဆိုသည့် မေတ္တာတရားပိုင်ရှင်များ အကြောင်းကို သူမ ပထမဆုံး နားလည်လိုက်သည့် အချိန်သည် သူမရဲ့ အသက် ခြောက်နှစ်အရွယ် လောက်မှာ ဖြစ်သည် ။

အဲဒီတုန်းက သူမသည် ဖေဖေ တားမြစ်ထားသည့်ကြားက တစ်ဖက်အိမ်ရှေ့တွင် တိုက်ဆောက်ရန် စုပုံထားသော သဲများကို လက်များ ဖြင့် ပယ်ပယ်နယ်နယ် ကိုင်တွယ်ကာ ဆော့ကစားနေမိခဲ့သည် ။ သဲပုံဘေးရှိ ရေတိုင်ကီထဲမှ ရေများကို ခွက်ဖြင့်ခပ်လိုက် သဲထဲလောင်းထည့်လိုက်နှင့် သူမ အပျော်ကြီး ပျော်နေမိပါသည် ။

ထိုစဉ်မှာ ပဲ ထိုအိမ်ထဲရှိ ဖေဖေတို့ အရွယ် အမျိုးသမီး တစ်ယောက် ထွက်လာကာ

"ဟဲ့ ဘယ်က ကလေကဝလေးလဲ၊ ငါ့အိမ်ရှေ့မှာ ညစ်ညစ်ပတ်ပတ် လာဆော့နေတာ"

ဟိန်းခနဲ ထွက်လာသော ထိုအမျိုးသမီးရဲ့ အသံကြောင့် သူမ ကိုယ်

လုံးလေးပင် ဆတ်ခနဲ တုန်သွားမိသည် ။ မျက်လုံးလေးများ အပြူးသား နှင့် လက်ထဲမှ သဲများကို ဂါဝန်တွင် သုတ်လိုက်ကာ ထိုအန်တီအား မော့ကြည့်နေမိ၏။ ထိုအမျိုးသမီးကို သူမ မမြင်ဘူးပါ။

"ဟိတ် မေးနေတယ်လေ၊ မင်း ဘယ်က ကလေကချေလေးလဲ"

သူမလို ရေချိုးပြီးကာစ ပါးနှစ်ဖက်မှာ ပါးကွက်ဝိုင်းလေး နှစ်ခုနှင့် နဖူးမှာ လည်း အာလူးသီးလေးကို မေမေ ကိုယ်တိုင် လိမ်းခြယ်ပေးထားကာ နှစ်ထပ်ဂါဝန် စိမ်းပြာရောင်ကားကားလေး ဝတ်ထားသော ကလေးမတစ်ယောက်ကို ဘာလို့ များ ကလေကချေလို့ ပြောလိုက်ပါလိမ့်။

ဆတ်ခနဲ မတ်တတ်ထရပ်လိုက်ကာ ထိုအမျိုးသမီးကို စူးရဲနေသော မျက်လုံးများ ဖြင့် ကြည့်လိုက်မိသည် ။

"မင်းက အ,နေတာလား၊ ဒါမှ မဟုတ် နားပင်းနေတာလား"

"ခင်ဗျား ရိုင်းလှချည်လားဗျ၊ ခင်ဗျားသာ လူယဉ်ကျေးတစ်ယောက် ဖြစ်မယ်ဆိုရင် ကိုယ့်သမီး အရွယ်လောက်ပဲရှိတဲ့ ကလေးလေး တစ်ယောက်ကို ဒီလိုမျိုး ရင့်သီးတဲ့ စကားတွေ မပြောသင့်ပါဘူး"

သူမနောက်သို့ ချက်ချင်းပင် ရောက်လာကာ သူမရဲ့ ချိုင်းတစ်ဖက်ကနေ ဆွဲမချီပစ်လိုက်တော့ ဖေဖေ့အပြုအမူကြောင့် ပထမတော့ သူမ လန့်သွားမိသည် ။ ဖေဖေ တားမြစ်ထားသည့် အရာကို ခိုးလုပ်မိသော သူမအား ဆူတော့မည်လားလို့ လန့်ဖျပ်သွားမိခြင်းလည်း ဖြစ်၏။

သို့သော် ဖေဖေသည် သူမကို မည်သည့် စကားတစ်ခွန်းမျှ မပြောပါဘဲ ထိုအမျိုးသမီးကိုသာ စိန်းစိန်းကြီးကြည့်လျက် အထက်ပါ စကားများကို ပြောဆိုလိုက်ခြင်း ဖြစ်သည် ။

"ရှင်ကရော ဘယ်သူလဲ"

"ကျုပ်က ဒီကလေးရဲ့ အဖေပဲ"

ဖေဖေ့စကားအဆုံးမှာ အမျိုးသမီးက နှုတ်ခမ်းကို တစ်ချက်တွန့်ရင်း ခနဲ့ တဲ့ တဲ့ ပြုံးပါသည် ။

"ဒီလောက်စွာတဲ့ အဖေမှာ ဒီလို ခေါင်းမာတဲ့ သမီးတစ်ယောက် ရှိတာ ဆန်းတော့ မဆန်းပါဘူးလေ"

"ဘာဗျ"

ဖေဖေ့ ဒေါသတွေ ဒီဂရီတော်တော် မြင့်မားသွားမှန်းကို ဖေဖေ့မျက်နှာကြီး နီမြန်းသွားခြင်းအား ကြည့်၍ ဆုံးဖြတ်နိုင်ပါသည် ။

"ကလေးပဲဗျ၊ သူက ဘာသိမှာ မို့လို့ လဲ၊ နောက်မဆော့ရဘူးလို့ ခင်ဗျားပါးစပ်က ချိုချိုသာသာ ပြောလိုက်ရင် ခင်ဗျားကို လူတွေက ယဉ်ကျေးတယ်လို့ ထင်မှာ စိုးလို့ လား ဟုတ်လား"

"ဟင် စွာလိုက်တာ၊ ရှင် ရှင် ပြောလေ ကဲလေပါလား"

"ဟုတ်တယ် ဟုတ်တယ် ဘာဖြစ်လဲ၊ ခင်ဗျားတို့လို့ အရိုင်းအစိုင်းတွေနဲ့ စကားပြောမိမှ တော့ ကျုပ်လည်း စွာမှ ပဲဖြစ်တော့မှာ ပေါ့"

အဲဒီအချိန်မှာ ပါပဲ ထိုအမျိုးသမီးကြီးက အနီးတွင် ရှိသော ဒန်ရေခွက်ကို ကောက်ကိုင်ကာ သူမနှင့် ဖေဖေ့ထံသို့ လှမ်းပစ်ပေါက်လိုက်ခြင်း ဖြစ်သည် ။

ဖေဖေက သူမကို ချီပိုးထားသည် မို့ ကိုယ်ခန္ဓာကို တစ်ဖက်သို့ လှည့်ပစ်လိုက်ကာ ထိုရေခွက်ကို သူမကို မထိစေရန် ကာကွယ်လိုက်ခြင်းပေမယ့် ဖေဖေ့ရဲ့ ဦးခေါင်းတည့်တည့်ဆီသို့တော့ ထိုရေခွက်သည် လာရောက် ထိမှန်မည်မှာ အမှန်ပင် ဖြစ်၏။

သို့သော် ဖေဖေ့ကိုလည်း မထိလိုက်ပါ။ ဖေဖေ့ဦးခေါင်း အနောက်ဘက်ဆီသို့ အရှိန်ပြင်းစွာ ဝင်လာသော ရေခွက်သည် ဖေဖေ့ရှေ့မှ ပိတ်ရပ်ပစ်လိုက်သော မေမေ့ မျက်နှာဆီသို့သာ တိုက်ရိုက် ထိမှန်သွားပါ၏။

ထိုနေ့က မေမေလည်း မျက်ခုံးကွဲသွားသောကြောင့် ရပ်ကွက်ရုံးသို့ ရောက်ခဲ့ရလေသည် ။

ထိုအဖြစ်လေးကတော့ သူမဘဝမှာ ဘယ်တော့မှ မေ့တော့မှာ မဟုတ်သည့် အဖြစ်အပျက်လေးပဲ ဖြစ်၏။ ခုတော့ မေမေလည်း သူမနားမှာ မရှိပါ။ နယ်မြို့ကြီးတစ်မြို့သို့ တာဝန်ထမ်းဆောင်ရန် ရောက်ရှိနေပြီ ဖြစ်ပါသည် ။

"ဟဲ့ ဘာတွေငေးနေတာလဲ၊ ငါ့ကို သော့ပစ်ချပေးလိုက်"

သူမရဲ့ အိမ် ပထမထပ် ဝရန်တာလေးကနေ အပြင်ဘက်သို့ ငေးမောနေမိတုန်း အောက်ဘက်ဆီမှ အသံကြားလိုက်ရသောကြောင့် သူမလည်း အလန့်တကြား ငုံ့ကြည့်လိုက်မိသည် ။

"ဟဲ့ ပိုးဝါ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရမှာ လဲ၊ နင် ကျူရှင်မလာလို့ စာတွေလာပေးတာပေ့ါ၊ ကဲ ငါ့ကို သော့မြန်မြန်ချပေးလိုက်"

သူမတို့ တိုက် လှေကားတံခါးက လူအတက်အဆင်း လုပ်ပြီးလျှင် တံခါးပြန်ပိတ်ထားရတတ်သည် မို့ ပိုးဝါက သော့လှမ်းတောင်းနေခြင်း ဖြစ်သည် ။

ပိုးဝါက အိမ်ခန်းထဲသို့ ရောက်သည် နှင့် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လျက် လွယ်အိတ်ကိုလည်း ပစ်ချလိုက်ရင်း

"နင်က ဘယ်လိုဖြစ်လို့ ကျူရှင်မတတ်တာတုံး"

"ကျူရှင်လာကာနီးမှ ဗိုက်တွေအောင့်လို့ ဟော့၊ အဲဒါနဲ့ ပဲ ကျူရှင် ပြေးလိုက်တော့တာ"

"ဒါနဲ့ ပဲ အိမ်မှာ နှပ်နေတာပေါ့ ဟုတ်လား"

"မနှပ်ပါဘူးဟယ်၊ ငါ သင်္ချာတွေ တွက်နေတာပါ"

"အမလေး ဒီလောက်လည်း ကြိုးစားပြမနေပါနဲ့ "

"မကြိုးစားလို့ မရဘူးဟ၊ အမှတ်မကောင်းရင် ငါ့ကို ဖေဖေရော မေမေရောက ကောင်းကောင်း ပြောမှာ လေ"

သူမက ပိုးဝါဘေးတွင် ဝင်ထိုင်ရင်း ပခုံးတစ်ချက် တွန့်ကာ ညည်းလိုက်၏။

"အေးပေါ့၊ နင်က တစ်ဦးတည်းသော သမီး ဖြစ်နေတာကိုး"

"အင်း အဲဒါကပဲ ငါ့အပေါ်မှာ တော်တော်လေး ပရက်ရှာ ဖြစ်နေတာ လေ"

"ကဲပါ လောလောဆယ်တော့ ဒီနေ့ သင်လိုက်တဲ့ စာလေးတွေ ပြန်ကူးလိုက်ဦး"

ပိုးဝါက ပြောပြောဆိုဆို စာအုပ်တွေကို တစ်အုပ်ချင်းစီ ထုတ်ကာ သူမရှေ့ ချပေး၏။

"ခု ကူးရမှာ လား၊ မနက်ဖြန်မှ ပဲ ယူပါတော့လားဟာ"

"ငါဒီည စာပြန်မလုပ်ရတော့ဘူးလား"

ပိုးဝါက ပြောပြောဆိုဆို စာအုပ်တွေကို တစ်အုပ်ချင်းစီ ထုတ်ကာ သူမရှေ့ ချပေး၏။

"အိုကေ အိုကေ ငါ ခုချက်ချင်း ကူးပါ့မယ်"

"နင်ကလည်း တုံးလိုက်တာဟာ၊ အိမ်မှာ မိတ္တူကူးစက်ကြီး တစ်လုံးလုံး ရှိတာတောင်၊ အဲဒါနဲ့ အရင်ကူးပြီးမှ ပဲ နင့်စာအုပ်ထဲ ပြန်ကူးထည့်လိုက်လေဟာ"

"ဩော် အေး ငါမေ့သွားလို့ အဟီး"

သူမတို့ အိမ်မှ ပရင်တာစက်က မိတ္တူကူးစက်ပါ တွဲလျက် ပါသည် မို့ အဆင်တော်တော် ပြေပါသည် ။ သူမက မိတ္တူကို ချက်ချင်းကူးလိုက်ကာ စာအုပ်များကိုလည်း ပိုးဝါထံသို့ ပြန်ပေးလိုက်၏။

"နင်ကလည်း ကျေးဇူးတင်တဲ့ အနေနဲ့ မုန့်လေးဘာလေးတောင် လိုက်မကျွေးတော့ဘူးလား"

"ကောင်မ နင် ဒီအကွက်ကို ချောင်းနေတာ မဟုတ်လား"

"သိရင်လည်း ပြီးတာပဲလေ"

"ခဏနေဦး ငါ ဖေဖေ့ကို ဝင်ပြောလိုက်ဦးမယ်"

ဖေဖေ့ထံမှ ခွင့်တောင်းပြီးသည် နှင့် ပိုးဝါနှင့်အတူ လမ်းထိပ်ဘက် ထွက်လာခဲ့သည် ။

သူမတို့ အိမ်ရှိရာ လမ်းထဲမှာ က ဘာမုန့်ဆိုင်မှ မရှိဘဲ ခြောက်သွေ့ကာ လူပြတ်လှသော်လည်း လမ်းထိပ်သို့ ထွက်လိုက်သည် နှင့် မုန့်ဆိုင်တန်းများ ၊ စားသောက်ဆိုင်များ စသော ဆိုင်ကြီးတွေကနေ သေးသေးမွှားမွှား ပစ္စည်းလေးတွေ ရောင်းသော ဆိုင်လေးများ ထိ လမ်းတစ်လျှောက် စုံစိနေအောင် ရှိတတ်သည် ။

"ပြော နင် ဘာစားမှာ လဲ"

ပိုးဝါက သူမရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားဖို့ အတွက် မျက်လုံး

လေးကို ဝေ့ဝဲကာ ဆိုင်များကို လိုက်ကြည့်နေသည် ။ နောက်မှ တစ်ခုခုကို တွေ့သွားဟန်နှင့် လက်ညှိုးညွှန်လိုက်ရင်း

"ဟိုမှာ ဟိုမှာ တွေ့ပြီ"

သူမ လိုက်ကြည့်မိသော လူများ ဝိုင်းအုံနေသော ဝက်သားတုတ်ထိုးဆိုင်ကို တွေ့လိုက်ရသည် ။

"တုတ်ထိုး စားမလို့ လား"

"အေး ငါတစ်ယောက်တည်း မစားချင်လို့ ၊ နင်ပါတော့ အားရှိတာပေါ့"

"ဟင် ဘာမှ လည်း မဆိုင်ဘူး၊ နင့်ပါးစပ်နဲ့ နင် စားတာပဲဟာကို"

"ဘာလဲ နင်က မစားဘူးလား"

"အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ"

သူမက ပြုံးစိစိနှင့် ပြောလိုက်ပြီး နှစ်ယောက်သား ဝက်သားတုတ်ထိုးရှိရာသို့ အပြေးလေး လှမ်းသွားလိုက်ကြသည် ။

အားရပါးရ စားလိုက်ကြတာ သူမတို့ နှစ်ယောက် တုတ်ချောင်းပုံကြီး ဖြစ်လာတော့မှ ပဲ ရပ်ဖို့ သတိရကြတော့၏။

"အား ဗိုက်ကို ကားသွားတာပဲ၊ နင်ရော ဝရဲ့ လား"

သူမက ဗိုက်ကိုပွတ်ကာ ပိုးဝါဘက် လှည့်မေးလိုက်၏။ ပိုးဝါကလည်း ဆိုင်ရှင် အပိုစားခိုင်းသော တစ်ချောင်းကို အချဉ်ရည်နှင့်တို့ စားနေရင်း ခေါင်းညိတ်ပြသည် ။

ပိုက်ဆံရှင်းပြီးသွားတော့ ပိုးဝါတို့ လမ်းထိပ်သို့ သူမက လိုက်ပို့လိုက်ပြီး တစ်ယောက်တည်း အေးအေးဆေးဆေး လမ်းလျှောက်

ကာ ပြန်လာခဲ့၏။ အဲဒီအချိန်မှာ ပါပဲ။ သူမ ဘယ်လိုမှ မထင်မှတ်ထား သော ကိစ္စတစ်ခုက သူမ မျက်စိရှေ့မှာ တင် ဖြစ်ပျက်လာခဲ့ပါသည် ။

"ဟိတ် ချွတ်ချွတ်"

တကယ်တော့ သူမရှေ့မှ လျှောက်သွားနေသော ကောင်လေး သုံး ယောက်က သူတို့ ရှေ့မှ လျှောက်နေသော ခပ်နွဲ့နွဲ့ပုံရိပ်လေး တစ်ခုကို လှမ်းခေါ်နေခြင်းသာ ဖြစ်သည် ။ သို့သော် ထိုပုံရိပ်လေးကတော့ မသိချ င်ယောင်ဆောင်ကာ လှည့်ပင်မကြည့်ပေ။

"ဟိတ် တို့ ခေါ်နေတာကို ဘာလို့ မကြားချင်ယောင် ဆောင်နေရတာ လဲ"

ကောင်လေး သုံးယောက်ထဲမှ ခုနကပင် လှမ်းခေါ်နေသော ကောင် လေးကပဲ ထိုပုံရိပ်လေးနားသို့ ကပ်သွားကာ လက်လေးတစ်ဖက်ကို လှ မ်းဆွဲရင်း ပြောလိုက်ခြင်း ဖြစ်၏။

"နင်တို့ ဘာလို့ ငါ့ကို လိုက်နှောင့်ယှက်နေတာလဲ"

ထိုပုံရိပ်လေးက ကောင်လေး ဖမ်းဆွဲလိုက်သော အရှိန်ကြောင့် နော က်သို့ လှည့်လာကာ အထက်ပါ စကားများကို ခပ်ဆတ်ဆတ်လေး ပြော လိုက်ခြင်း ဖြစ်ပါသည် ။

ထိုအသံရှင်၏ မျက်နှာလေးကို မြင်လိုက်ရမှ ပင် သူမရင်ထဲ ဒိတ်ခနဲ ဖြစ်သွား၏။ ဒါ ကျူရှင်က ကောင်လေးပဲ။ ဒီကောင်လေးကို တခြား ကောင်လေး သုံးယောက်က လိုက်နှောင့်ယှက်နေခြင်းသည် တော်တော် တော့ ကြည့်မကောင်းသော ပွဲတစ်ခုပင် ဖြစ်၏။

"မင်းကလည်း ကွာ၊ ခုမှ ဘာဖြစ်နေတာလဲ၊ ငါတို့ အချင်းချင်း တွေပဲ ဟာ၊ မင်း ဒီည အားတယ် မဟုတ်လား"

"နင်တို့ နင်တို့ နော်"

သူမ မျက်လုံးထဲတွင် ဘယ်လိုမှ လက်ခံပေး၍ မရတော့သော အခြေအနေ တစ်ရပ်သာ ဖြစ်ပါသည် ။

"ဟဲ့ နင်တို့ ဘာလုပ်နေတာလဲ"

နောက်ဘက်မှ နေ၍ ဟိန်းထွက်လာသော သူမအသံကြောင့် ရှေ့မှ ကောင်လေး သုံးယောက်က ခန္ဓာကိုယ်ကိုပါ တစ်ပတ်လှည့်ကာ ကြည့်လိုက်ကြ၏။ ဟိုခပ်နွဲ့နွဲ့ ကောင်လေးကတော့ သူမ ရှိရာဆီ မျက်လုံးလေးများကို အသာဝင့်ကြည့်လိုက်၏။

သူမကို မြင်လိုက်ရချိန်မှာ အနည်းငယ် အံ့အားသင့်ကာ ပါးစပ်လေးပင် အဟောင်းသား ဖြစ်သွားလျက်

"မင်းက ဘယ်သူလဲ"

ခုနက စကားတွေ တရစပ် ပြောနေသော ကောင်လေးကပဲ သူမဆီ တည့်တည့်လျှောက်လာကာ မေးလိုက်ခြင်း ဖြစ်၏။

သူမကတော့ ဘာကိုမှ မကြောက်မရွံ့သည့်ပုံစံနှင့် ခြေနှစ်ဖက်ကို ခပ်ကျယ်ကျယ် ခွဲလျက် လက်နှစ်ဖက် ခါးတွင် ထောက်ရင်း မျက်နှာကို မော့လှန်ကာ ဘုကြည့် ကြည့်နေမိ၏။

"မင်းကများ ငါ့ကို ဘုကြည့်ကြည့်နေသေးတယ်"

"ဟော့ကောင် ဒီကောင်မလေးလောက်များ မင်းက ကြောက်နေတာလား"

ဘေးမှ တစ်ယောက်ကလည်း ပွဲမစည်မှာ စိုးလို့ နှင့်တူသည် ။ အချွန်နှင့် ဝိုင်းမပေး၏။

"နင်တို့ လုပ်နေတာက ဘယ်လိုမှ မြင်မကောင်းတော့ဘူး"

"အဲဒီတော့ မမြင်ချင်ယောင်ဆောင်ပြီး လျှောက်သွားလိုက်ပေါ့ကွ"

"အဲဒီလို လျှောက်ချင်ပေမယ့် နင်တို့ နှောင့်ယှက်နေတဲ့ သူက ငါနဲ့ အသိတွေ ဖြစ်နေတယ်"

ထိုစကားအဆုံးမှာ ဖြူနွဲ့နွဲ့ ကောင်လေး၏ မျက်နှာက အနည်းငယ် အားတက်သွားပုံရပါသည် ။ သူမကလည်း အဲဒီလိုမျိုး မတရားတာဆို ဘယ်လိုမှ ကြည့်မနေချင်လောက်အောင် ဝင်ရောက်ဖြေရှင်း ပေးတတ်သည့် အကျင့်ရှိနေသည် မို့ ဒီအဖြစ်က သူမ မျက်စိရှေ့တည့်တည့်တွင် လာဖြစ်နေခြင်းကိုက အတော်လေးကို ကံဆိုးသွားခြင်း ဖြစ်သည် ။

"ဟုတ်တယ် သူနဲ့ ငါက သူငယ်ချင်းတွေ၊ နင်တို့ ငါ့ကို လိုက်နှောင့်ယှက်နေတာတွေ ရပ်တန်းက ရပ်လိုက်တော့နော်"

ဒေါသနှင့် ပြောလိုက်သော အသံဟု ယူဆရသော်လည်း လေသံက လိုသလောက် အားမပါသောအခါ ငိုသံလိုလိုပင် ပေါက်နေခဲ့သည် ။ သူမ မှာ တော့ ထိုကောင်လေး ဖြစ်နေပုံကို ကြည့်ပြီး ငိုရခက် ရယ်ရခက်နှင့် တော်တော်ကြီးကို အူလည်လည်ပင် ဖြစ်သွားမိသည် ။

"ဘယ်လိုပဲဖြစ်ဖြစ် မင်းလည်း ချစ်စရာလေးပဲကွ၊ ငါတို့ က ချစ်တတ်ပါတယ်"

"နင်တို့ မိုက်ရိုင်းလှချည်လား၊ ဒီလောက်တောင် စိတ်တွေ တက်ကြွနေရင်လည်း ဖြစ်တဲ့ နည်းနဲ့ သာ ဖြစ်သလို ရှင်းလိုက်တော့၊ လာ ငါတို့ သွားမယ်"

သူမက တဗျစ်တောက်တောက် ပြောဆိုကာ ဘောက်ဆတ်ဆတ်နှင့် ကောင်လေးနားသို့ ခပ်တည်တည် လျှောက်သွားလိုက်ပြီး ကောင်လေး

၏ လက်တစ်ဖက်အား ဆွဲကိုက်ကာ သူတို့ ရှေ့မှ ထွက်ခဲ့လိုက်၏။

ကောင်လေးသည် လည်း သူမ ဆွဲခေါ်ရာနောက်သို့ တရွတ်ဆွဲကာ ပါလာပါသည် ။ ဟိုကောင်တွေကတော့ သူမတို့ နောက်သို့ ထပ်မလိုက်တော့၍ တော်ပါသေးသည် ။ သူတို့ ကို မမြင်ရတော့သည့် ခပ်ဝေးဝေး လမ်းထောင့်ချိုးလေး တစ်ခုဆီသို့ ရောက်တော့မှ သူမက လက်ကိုလွှတ်ချလိုက်ပြီး

“နေစမ်းပါဦး၊ နင်က ဒီလိုပဲ ငြိမ်ခံနေတာပဲလား၊ ယောကျ်ားချင်းပဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး လုပ်ပစ်လိုက်ပါတော့လား”

သူမရဲ့ စကားတွေကို ကောင်လေးက မျက်လုံးလေး အောက်ချကာ ငြိမ်သက်စွာ ရပ်ရင်း နားထောင်နေပါသည် ။

“ငါမှ မလုပ်ရဲတာဟ”

ပြောမယ့်ပြောတော့လည်း လေသံပျော့လေးနှင့် သူမမှာ ထိုကောင်လေးကို ကြည့်ပြီး ဘာဆက်ပြောလို့ ပြောရမှန်းတောင် မသိအောင် ဖြစ်သွားမိသည် ။ ယောကျ်ားတစ်ယောက်မှာ ရှိသင့်သော အရည်အချင်းတွေ သတ္တိတွေ ထိုကောင်လေးထံမှာ တကယ့်ကိုပဲ ပျောက်ဆုံးနေခဲ့တာလား။

ဒါ ဆိုရင်တော့ တော်တော် နှမြောစရာ ကောင်းသည့် အဖြစ်ပါပဲ။

“နင် ဘယ်မှာ နေတာလဲ”

“ငါက ဟိုဘက်ရပ်ကွက်ကို ပြောင်းလာတာ သိပ်မကြာသေးဘူးလေ ”

“သြော် ဒါကြောင့် အစက ငါ မမြင်ဘူးတာကိုး၊ မှတ်ထား ငါ့နာမည်က မေတ္တာညွှန်းတဲ့ ၊ နင့်နာမည်ကရော ဘာလဲ”

"ငါ့နာမည်က သုမနေ တဲ့ ၊ နင့်ကိုတော့ ငါက တာတာလို့ ခေါ်မယ် နော်"

ကောင်လေး၏ နာမည်ကို ကြားလိုက်ရသောအခါ သူမ တကယ်ကို ပဲ ရယ်ချင်သွားမိ၏။ ရာဇဝင်ထဲက သုမနေမင်းသားသည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံလှသောကြောင့် ငွေတောင်ပြည်မှ ဒွေးမယ်နော်လေးနှင့် ပေါင်း ဆုံခွင့် ရခဲ့၏။

ခုတော့ ခေတ်သစ် သုမနေက ရာဇဝင်ထဲက သုမနေနှင့် ဘယ်လိုမှ ကို နှိုင်းယှဉ်မရအောင် ကွဲပြားခြားနားလျက် ရှိလေသည် ။

"နင်နဲ့ ငါနဲ့ ဒီနေ့ကစပြီး သူငယ်ချင်း ဖြစ်သွားပြီပေါ့၊ ပြီးတော့ ခုနက ကိစ္စအတွက် နင့်ကိုငါ တကယ်ပဲ ကျေးဇူးတင်ပါတယ်"

ကောင်လေးပုံစံက ကြည့်ရတာ စကားပြောလျှင် ရဲရဲဝံ့ဝံ့ ရှိပေမယ့် တကယ်တမ်း ပြဿနာတစ်ခုကို ရင်ဆိုင်လာရသည့် အခါမှာ တော့ ပျော့နွဲ့သော စိတ်ဓာတ်လေးက ရှေ့မှ ကာဆီးနေပုံရသည် ။

"ဒါနဲ့ နင် ဒီနေ့ ကျူရှင် မလာဘူးနော်"

နှစ်ယောက်သား လမ်းလျှောက်လာကြရင်းနှင့် သုမနေ ပြောလိုက် သော စကားကြောင့် သူမ နည်းနည်း အံ့ဩသွားမိသည် ။

"နင်က ဘယ်လိုသိတာလဲ"

"ဟဲ့ နင်ကလည်း သိတာပေါ့၊ နင်က ငါ့ရှေ့တည့်တည့်မှာ ထိုင်တာပဲ ဟာကို"

"သြော် အေး ဟုတ်သားပဲ၊ ငါက ကျူရှင်ချိန်ကပ်မှ ဗိုက်အောင့်လာ လို့ မလာနိုင်တော့တာ"

“စာတွေရော ဘယ်လိုလုပ်မှာ လဲ၊ ဒီနေ့သင်လိုက်တာ နည်းနည်းများ တယ်ဟ”

ကောင်လေး ပုံစံက သူမအတွက် တကယ့်ကို စိုးရိမ်ပြီး မေးလိုက်သည့် ပုံပါ။

“ခုလေးတင်ပဲ ပိုးဝါ လာပေးလို့ စာတွေအားလုံး ကူးပြီးပြီ၊ သူ့ကို လိုက်ပို့ပြီး ပြန်လာတုန်း နင့်ကို တွေ့တာပဲပေ့ါ၊ နင်ကရော ဘာလုပ်နေတာလဲ”

“ဒီမှာ လေ ဗိုက်ဆာတာနဲ့ ဟင်းလာဝယ်တာ၊ တစ်ခါမှ ငါတစ်ယောက်တည်း ညဘက် အပြင်မထွက်ဖူးဘူးဟ၊ ခုဟာက အိမ်မှာ ခိုင်းတဲ့ ကောင်မလေးက ငါ့အဘွား ဆေးရုံတင်ထားရတာ သွားစောင့်တော့ ငါ တစ်ယောက်တည်း ဖြစ်နေတာ၊ သူက ဟင်းချက်ဖို့ လည်း အချိန်မရတော့ဘူးလေ၊ အဲဒါနဲ့ ပဲ ကုန်းဘောင်ကြီးကြော် စားချင်လို့ ငါ ကိုယ်တိုင်ထွက်ဝယ်ရတာလေ”

ကောင်လေးက သူ့လက်ထဲတွင် ကိုင်ထားသော ဟင်းထုပ်လေး သုံးထုပ်ကို မြှောက်ပြရင်း ပြော၏။ သူမမှာ တော့ ဘာပြန်ပြောရမှန်း မသိ၍

“ဩော် ဩော်”

ဟု ပင် ရေရွတ်လိုက်မိသည် ။ ကောင်လေးပါးစပ်က ထွက်သမျှတွေ သည် သူမအတွက်တော့ တကယ့်ကို အထူးအဆန်းတွေချည်းဖြစ်နေ၏။

ယောကျ်ားတစ်ယောက်ဖြစ်ပြီး ညရှစ်နာရီထိုးလောက် ကာလကို တစ်ယောက်တည်း အပြင်မထွက်ဖူးဘူးဆိုတော့ ဘယ်လို ထူးဆန်းသည့် ကောင်လေးပါလိမ့်လို့ လည်း တစ်ယောက်တည်း တွေးနေမိသည် ။

"ကဲ ငါသွားတော့မယ်၊ မနက်ဖြန်မှ ပဲ ကျူရှင်မှာ တွေ့ကြတာပေါ့"

ကောင်လေးက လက်ပြကာ နှုတ်ဆက်ရင်း တစ်ဖက် ကားလမ်းသို့ ကူးသွားမှ ပင် သူမမှာ ကောင်လေးအကြောင်း တစ်ယောက်တည်း တွေးတောနေခြင်းမှ သတိပြန်ဝင်လာတော့၏။ အလျင်အမြန်ပင် လက်ပြန်ပြလိုက်မှ ကောင်လေးမှ နောက်ပြန် လှည့်ကြည့်ကာ ကားလမ်းကူးနေရာမှ ရှေ့သို့ လှည့်သွားတော့သည် ။

အဲဒီညလေးဟာ သူမတို့ နှစ်ယောက်၏ ဘဝတွေကို ပေါင်းကူးပေးမည့် ညလေးတစ်ည ဖြစ်ခဲ့တယ်ဆိုတာ ဘယ်သူက ကြိုသိနိုင်မှာ တဲ့ လဲ။

*